**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**နေပြည်တော်**

**(မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ)**

**အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၆**

**၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်**

**(၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မျိုးစေ့ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မျိုးစေ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို **မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ** ဟုခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသောစကားရပ်များသည် မျိုးစေ့ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်-

(က) **မိဘမျိုးစေ့** ဆိုသည်မှာ သီးနှံမျိုးမွေးမြူရွေးချယ်ရေး ပညာရှင်များက တိုက်ရိုက်ကြီးကြပ်၍ ဗီဇမှန်ကန်မှုနှင့်မျိုးသန့်စင်မှုတို့ကို တာဝန်ယူထုတ်လုပ်သော မျိုးစေ့နှင့် အပင်ပိုင်းဆိုင်ရာ မျိုးပွားနိုင်သည့် အစိတ်အပိုင်းဖြစ်ပြီး မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်းများ နှင့်သော်လည်းကောင်း၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက အခါအားလျော်စွာ ဖြည့်စွက်ထုတ်ပြန် သည့် မျိုးစေ့စံချိန်စံညွှန်းများနှင့် သော်လည်းကောင်း ကိုက်ညီသည့် မျိုးစေ့ကို ဆိုသည်။

(ခ) **ဆင့်ပွားမျိုးစေ့** ဆိုသည်မှာ မိဘမျိုးစေ့မှ စိုက်ပျိုး၍ မျိုးပွားပြီး ဗီဇမှန်ကန်မှုနှင့် မျိုးသန့်စင် မှုတို့သည်မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်းများ နှင့်သော် လည်းကောင်း၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက အခါအားလျော်စွာ ဖြည့်စွက်ထုတ်ပြန်သည့် မျိုးစေ့စံချိန်စံညွှန်းများ နှင့်သော်လည်းကောင်း ကိုက်ညီသည့် မျိုးစေ့ကို ဆိုသည်။

(ဂ) **မျိုးသန့်မျိုးပွားမျိုးစေ့** ဆိုသည်မှာ ဆင့်ပွားမျိုးစေ့မှ စိုက်ပျိုး၍မျိုးပွားပြီး ဗီဇမှန်ကန်မှုနှင့် မျိုးသန့် စင်မှုတို့သည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်းများနှင့် သော်လည်းကောင်း၊

Myanmar Law Information System (MLIS)

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက အခါအားလျော်စွာ ဖြည့်စွက်ထုတ်ပြန်သည့် မျိုးစေ့စံချိန်စံညွှန်းများနှင့်သော်လည်းကောင်း ကိုက်ညီသည့် မျိုးစေ့ကိုဆိုသည်။

(ဃ) **စီးပွားဖြစ်မျိုးသန့်မျိုးစေ့** ဆိုသည်မှာ ဆင့်ပွားမျိုးစေ့မှဖြစ်စေ၊ မျိုးသန့်မျိုးပွားမျိုးစေ့မှဖြစ်စေ စိုက်ပျိုး၍ မျိုးပွားပြီး ဗီဇမှန်ကန်မှုနှင့် မျိုးသန့်စင်မှုတို့သည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်းများနှင့်သော်လည်းကောင်း၊ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီ ကအခါအားလျော်စွာ ဖြည့်စွက်ထုတ်ပြန်သည့် မျိုးစေ့စံချိန်စံညွှန်းများနှင့်သော်လည်းကောင်း ကိုက်ညီ သည့် မျိုးစေ့ကိုဆိုသည်။

(င) **စပ်မျိုး** ဆိုသည်မှာ ဗီဇမတူသော မိဘမျိုးနှစ်မျိုးကို မျိုးကူးစပ်၍ ရရှိလာသော ပထမသားဆက်ကို စီးပွားဖြစ်စိုက်ပျိုးအသုံးပြုနိုင်ပြီး မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့ စံချိန်စံညွှန်းများနှင့်သော်လည်းကောင်း၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက အခါအားလျော်စွာ ဖြည့်စွက်ထုတ်ပြန်သည့် စံချိန်စံညွှန်းများနှင့်သော်လည်းကောင်း ကိုက်ညီသည့် မျိုးကိုဆိုသည်။

## အခန်း (၂)

## အပင်မျိုးသစ်

၃။ အသိအမှတ်ပြုလက်မှတ်ရရှိရန် ရည်ရွယ်သော အပင်မျိုးသစ်ကို စမ်းသပ်စိုက်ပျိုးရန် ပြည်တွင်းသို့ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် အပင်မျိုးသစ်ကို ပြည်တွင်းသို့တင်သွင်းခွင့်အတွက် ထောက်ခံချက်ရရှိရန် မျိုးစေ့နမူနာ၊ သက်ဆိုင်ရာဌာနမှ အပြည်ပြည်ဆိုင်ရာ မျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုထားသည့် မျိုးစေ့အရည်အသွေး ထောက်ခံ ချက်မိတ္တူ၊ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဌာန၏ ပိုးမွှားရောဂါကင်းစင်ကြောင်းထောက်ခံချက်မူရင်း၊ တင်သွင်းလိုသောအပင်မျိုးသစ်၏ အရည်အသွေးနှင့် အရည်အချင်းလက္ခဏာများ၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ် မိတ္တူတို့ကို ပူးတွဲ၍ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ **ပုံစံ (၁)** ဖြင့်လျှောက်ထားရမည်။

၄။ အပိုဒ် ၃ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍-

(က) မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် လိုအပ်သည်များကို စိစစ်ရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအား တာဝန်ပေးအပ်ရမည်။

(ခ) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် လိုအပ်သည်များကိုစိစစ်၍ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီသို့ မိမိသဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၅။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ တင်ပြချက်ကို စိစစ်ပြီး-

(က) စမ်းသပ်စိုက်ပျိုးနိုင်ရေးအတွက် အပင်မျိုးသစ်ကို ပြည်တွင်းသို့တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးရန်ဆုံးဖြတ်ပါက သက်ဆိုင်ရာလျှောက်ထားသူအား **ပုံစံ (၂)**ဖြင့် ထောက်ခံချက် ထုတ်ပေးရ မည်။

(ခ) အပိုဒ်ခွဲ (က) အရ ထောက်ခံချက်ထုတ်ပေးခြင်းမပြုရန်ဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်း စာဖြင့်အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

၆။ အပင်မျိုးသစ်နှင့် မိဘမျိုးလိုင်းများ၊ နှစ်ရှည်သီးနှံများကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်း ပြုလုပ်လိုသူသည် မိမိ ထုတ်လုပ်လိုသည့် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းလိုသည့် အပင်မျိုးသစ်အတွက် အသိအမှတ်ပြုလက်မှတ်ရရှိရန် မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီသို့ **ပုံစံ ၃** ဖြင့်လျှောက်ထားရမည်။

၇။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **အပိုဒ် ၆** အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စမ်းသပ် စိုက်ပျိုးပြီး စိစစ်တင်ပြရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီအား တာဝန်ပေးအပ်ရမည်။

၈။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည်-

(က) လျှောက်ထားတင်ပြသောအပင်မျိုးသစ်ကို အပင်မျိုးသစ်နှင့်သင့်လျော်သည့် ရာသီဥတုကွဲပြားခြား နားသော ဒေသသုံးခုတွင် ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီမှု၊ လက်ရှိမျိုးထက်သာလွန်ကောင်းမွန်မှု၊ သီးနှံ၏အသုံးဝင်မှုနှင့် တန်ဖိုးတို့ကို သိရှိနိုင်ရေးအတွက် မိမိ၏ ကြီးကြပ်မှုဖြင့် အနည်းဆုံးတစ်ရာသီ စမ်းသပ်စိုက်ပျိုး၍ အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သင့် မသင့် စိစစ်ရမည်။

(ခ) စိစစ်တွေ့ရှိသည့် အပင်မျိုးသစ်ကိုလည်းကောင်း၊ မိဘမျိုးလိုင်းနှင့် နှစ်ရှည်သီးနှံများအတွက် အပင်မျိုးနှင့်သက်ဆိုင်သည့် အရည်အသွေးလက္ခဏာများ၊ သတင်းအချက်အလက်များကို ပြည့်စုံစွာပြုစုထားသည့်မှတ်တမ်းများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ မရှိကိုလည်းကောင်း အခြေခံစိစစ်၍ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် သင့် မသင့် သဘောထား မှတ်ချက်နှင့်အတူ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ တင်ပြရမည်။

၉။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက သဘောထား မှတ်ချက်နှင့်အတူ တင်ပြသောအပင်မျိုးသစ်၏ မျိုးစေ့နမူနာနှင့် အချက်အလက်များကို စိစစ်ပြီး-

(က) အသိအမှတ်ပြုကြောင်းဆုံးဖြတ်ပါက သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်ခ ပေးသွင်း စေပြီး အသိအမှတ်ပြုလက်မှတ်ကို လျှောက်ထားသူအား **ပုံစံ ၄** ဖြင့် ထုတ်ပေးရမည်။

(ခ) အသိအမှတ်ပြုရန် ငြင်းပယ်ကြောင်းဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်းစာဖြင့် အကြောင်းကြားရမည်။

## အခန်း(၃)

## မျိုးစေ့အရည်အသွေးစစ်ဆေးခန်း

၁၀။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်လုပ်ကိုင်သူသည် တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံးဘွဲ့ သို့မဟုတ် ဒီကရီ တစ်ခုခုရရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာနက ဖွင့်လှစ်သည့် မျိုးစေ့အရည်အသွေးစစ်ဆေးရေးနည်း ပညာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

၁၁။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်လိုသော အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများ သည်မှတ်ပုံတင်လက်မှတ်ရရှိရန် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ **ပုံစံ ၅** ဖြင့်လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

၁၂။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **အပိုဒ် ၁၁** အရ လျှောက်ထားချက်ကို အောက်ပါအချက် များပေါ်တွင် အခြေခံ၍ စိစစ်ရမည်-

(က) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းအဆောက်အဦအမျိုးအစားသည် အနည်းဆုံး (၈၀' × ၃၅' × ၁၅') အရွယ် ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုးဖြစ်ပြီး သိုလှောင်ခန်း အပါအဝင် အနည်းဆုံးအခန်းလေး ခန်းပါဝင်မှုရှိ မရှိ၊

(ခ) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်မည့်နေရာ၊

(ဂ) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင်အသုံးပြုမည့် ပစ္စည်းကိရိယာနှင့် ပရိဘောဂများ ပြည့်စုံမှု ရှိ မရှိ၊

(ဃ) သီးနှံအလိုက် ကျွမ်းကျင်သော မျိုးစေ့အရည်အသွေးစစ်ဆေးရေး ဝန်ထမ်းလုံလောက်မှု ရှိ မရှိ။

၁၃။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **အပိုဒ် ၁၂** အရ စိစစ်ပြီး မျိုးစေ့အရည်အသွေး စစ်ဆေး ခန်းဖွင့်လှစ်နိုင်ရန်-

(က) မှတ်ပုံတင်ခွင့်ပြုရန်ဆုံးဖြတ်ပါက သတ်မှတ်ထားသည့် မှတ်ပုံတင်လက်မှတ်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို **ပုံစံ ၆** ဖြင့်ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်ရန်ငြင်းပယ်ကြောင်းဆုံးဖြတ်ပါက မည်သည့်အကြောင်းကြောင့် ငြင်းပယ်ကြောင်းကို စာဖြင့်အကြောင်းကြားရမည်။

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မျိုးစေ့အရည်အသွေးစစ်ဆေးခန်းကို မှတ်ပုံတင်လက်မှတ် ရရှိပြီး ချိန်မှစ၍ သတ်မှတ်သက်တမ်း ကုန်ဆုံးပြီးချိန်တွင် ဆက်လက်ဖွင့်လှစ်လိုပါက မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ **ပုံစံ ၇** ဖြင့် လျှောက်ထားရမည်။

၁၅။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပါက သတ်မှတ်ထားသော သက်တမ်း တိုးမြှင့်ခပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို **ပုံစံ ၆** ဖြင့်ထုတ်ပေးရ မည်။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ပါက ငြင်းပယ်သည့် အကြောင်းရင်းကို ဖော်ပြ၍ လျှောက်ထားသူအား စာဖြင့် အကြောင်းကြားရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သက်တမ်းမကုန်ဆုံးမီ လျှောက်ထားသူက ငြင်းပယ်သည့်အကြောင်းရင်းကို ပြည့်စုံစွာပြင်ဆင်ဆောင်ရွက်ပြီး ထပ်မံလျှောက်ထားလာပါက စိစစ်ပြီး မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့် ကို ခွင့်ပြုနိုင်သည်။

၁၆။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသည် အပြည်ပြည်ဆိုင်ရာ မျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့ ၏စည်းမျဉ်းစည်းကမ်းများနှင့်အညီ မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ စနစ်တကျ သွားရောက်ရ ယူပေးပို့သော မျိုးစေ့နမူနာများကို နည်းစနစ်မှန်ကန်စွာဖြင့်ခွဲခြား၍ မှတ်တမ်းများဖြင့် သိမ်းဆည်းထား ရှိရမည်။

၁၇။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသည် စနစ်တကျ ခွဲခြားရယူထားသော မျိုးစေ့နမူနာများ၏ ဗီဇ မှန်ကန်မှု၊ မျိုးစေ့သန့်စင်မှုရာခိုင်နှုန်း၊ မျိုးစေ့နမူနာ၏ အပင်ပေါက်ရာခိုင်နှုန်း၊ အစိုဓာတ်ပါဝင်မှု ရာခိုင်နှုန်း၊ ပိုးမွှားရောဂါကင်းစင်မှုနှင့်

Myanmar Law Information System (MLIS)

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက အခါအားလျော်စွာ သတ်မှတ်ထားသော မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးစံချိန်စံညွှန်းများကို စစ်ဆေးရမည်။

၁၈။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသည် မျိုးစေ့အရည်အသွေးစစ်ဆေးတွေ့ရှိချက်ကို မျိုးစေ့နမူနာ လက်ခံရရှိပြီးသည့်နေ့ရက်မှ ၁၅ ရက် အတွင်း သက်ဆိုင်ရာလျှောက်ထားသူအား ထုတ်ပေးရမည်။ ယင်း မျိုးစေ့အရည်အသွေးစစ်ဆေးတွေ့ရှိချက်မိတ္တူကို မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ ပေးပို့ရမည်။ မိမိ၏ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင်လည်း စစ်ဆေးတွေ့ရှိချက်များကို စနစ်တကျမှတ်တမ်း ထားရှိရမည်။

၁၉။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသည် မိမိထုတ်ပေးသော မျိုးစေ့အရည်အသွေး စစ်ဆေးတွေ့ ရှိချက်အား အပြည့်အဝတာဝန်ယူရမည်။

၂၀။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသည် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင် ရွက်ခြင်း ရှိ မရှိ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ အခါအားလျော်စွာ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၄)
## မျိုးစေ့လုပ်ငန်း

၂၁။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်လိုသူသည် သီးနှံအမျိုးအစားတစ်မျိုးချင်းအတွက် လိုင်စင်ရရှိရန် မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ လျှောက်ထားရာတွင် စိုက်ပျိုးမည့်ကေနှင့် ဒေသ သို့မဟုတ် ဖြန့်ဖြူး မည့်ဒေသနှင့် ပမာဏ၊ မျိုးစေ့အရည်အသွေးပြည့်မီကြောင်းထောက်ခံစာ၊ မျိုးစေ့နမူနာနှင့် ဓာတ်ပုံ မှတ်တမ်းများ၊ အပင်မျိုးမွေးမြူသူ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိသူ သို့မဟုတ် အဖွဲ့အစည်း၏ သဘောထားမှတ်ချက်တို့ကို ပူးတွဲ၍ **ပုံစံ ၈** ဖြင့် လျှောက်ထားရမည်။

၂၂။ မျိုးစေ့လုပ်ငန်းလုပ်ကိုင်လိုသူသည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီကထုတ်ပေးသော အသိ အမှတ်ပြုလက်မှတ်ရရှိပြီးသည့်မျိုးများ၊ မိဘမျိုးလိုင်းများနှင့် နှစ်ရှည်သီးနှံများကိုသာ မျိုးစေ့လုပ်ငန်း လိုင်စင်ရရှိရန် လျှောက်ထားခွင့်ရှိသည်။

၂၃။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် **အပိုဒ် ၂၁** အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မျိုးစေ့ စံချိန်စံညွှန်းနှင့် ညီညွတ်ခြင်းရှိ မရှိ သက်ဆိုင်ရာမျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့သို့ တာဝန်ပေး၍ စစ်ဆေးတင်ပြစေရမည်။

၂၄။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် မျိုးစေ့အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး သက်ဆိုင်ရာလျှောက်ထားသူအား လိုင်စင်ထုတ်ပေးရန်-

(က) ခွင့်ပြုပါကသတ်မှတ်ထားသော လိုင်စင်ခပေးသွင်းစေပြီး မျိုးစေ့လုပ်ငန်းလိုင်စင်ကို **ပုံစံ ၉** ဖြင့် ထုတ်ပေးရမည်။

(ခ) ငြင်းပယ်ကြောင်းဆုံးဖြတ်ပါက ငြင်းပယ်ရသည့်အကြောင်းရင်းကို ဖော်ပြ၍ စာဖြင့်အကြောင်းကြား ရမည်။

၂၅။ လိုင်စင်ရရှိသူသည် မျိုးစေ့ကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်မည်ဆိုလျှင် မျိုးစေ့ထုတ်စိုက်ခင်းများ တွင်သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ညီညွတ်ခြင်း ရှိ မရှိ သက်ဆိုင်ရာမျိုးစေ့အရည်အသွေး စစ်ဆေး ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးခြင်းကို ခံယူရမည်။

Myanmar Law Information System (MLIS)

၂၆။ မျိုးစေ့လုပ်ငန်းလိုင်စင်ရရှိသူသည် မိမိဖြန့်ဖြူးမည့်မျိုးစေ့များကို မျိုးစေ့စံချိန်စံညွှန်းနှင့် ညီညွတ် ခြင်း ရှိ မရှိ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင် စစ်ဆေးရမည်။ မျိုးစေ့အရည်အသွေး စစ်ဆေးရေး အဖွဲ့မှ မျိုးစေ့နမူနာများ လာရောက်ယူသည့်အခါ နမူနာပမာဏ အလုံအလောက်ပေးရမည်။

၂၇။ မျိုးစေ့လုပ်ငန်းလိုင်စင်ရရှိသူသည် စံချိန်စံညွှန်းနှင့်ကိုက်ညီမှုရှိသော မျိုးစေ့များကိုသာ ဖြန့်ဖြူးခွင့် ရှိသည်။

၂၈။ လိုင်စင်ရရှိသူသည် မျိုးစေ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ **ပုံစံ ၁၀** ဖြင့်လျှောက်ထား ရမည်။

၂၉။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် **အပိုဒ် ၂၈** အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ် ပြီး-

(က) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန်ခွင့်ပြုပါက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်း စေပြီး လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်လက်မှတ်ကို **ပုံစံ ၉** ဖြင့်ထုတ်ပေးရမည်။

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်းဆုံးဖြတ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်း ကိုဖော်ပြ၍ စာဖြင့်အကြောင်းကြားရမည်။

(ဂ) လိုင်စင်သက်တမ်းမကုန်ဆုံးမီ လျှောက်ထားသူက ငြင်းပယ်သည့် အကြောင်းရင်းကို ပြည့်စုံစွာ ပြင်ဆင်ဆောင်ရွက်ပြီး ထပ်မံလျှောက်ထားလာပါက စိစစ်ပြီး ခွင့်ပြုနိုင်သည်။

၃၀။ မျိုးစေ့ကို ပြည်တွင်းသို့ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသူသည် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီကထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ရရှိပြီးသည့်မျိုးများ၊ မိဘမျိုး လိုင်းများနှင့် နှစ်ရှည်သီးနှံမျိုးများကိုသာ တင်သွင်းခွင့် သို့မဟုတ် တင်ပို့ခွင့်ရှိသည်။ ရော်ဘာသီးနှံနှင့် ပတ်သက်၍ မျိုးစေ့လုပ်ငန်းလုပ်ကိုင်လိုသူသည် သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ် နည်းနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ရမည်။

၃၁။ မျိုးစေ့ကို ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း ပြုလုပ်လိုသော မျိုးစေ့ လုပ်ငန်းလိုင်စင်ရရှိသူသည် ထောက်ခံချက်ရရှိရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ အောက်ဖော်ပြ ပါအချက်အလက်များပူးတွဲ၍ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ပုံစံ ၁၁ ဖြင့်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ခြင်းအတွက် ပုံစံ ၁၂ ဖြင့်လည်းကောင်း လျှောက်ထားရမည်-

(က) မျိုးစေ့နမူနာ

(ခ) မျိုးစေ့အရည်အသွေးထောက်ခံချက် မိတ္တူ

(ဂ) မျိုး၏ အရည်အသွေးနှင့် အရည်အချင်းလက္ခဏာများ

(ဃ) ပိုးမွှားရောဂါကင်းစင်ကြောင်း ထောက်ခံချက်

(င) အသိအမှတ်ပြုလက်မှတ်မိတ္တူ

(စ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူနှင့်

(ဆ) အရောင်းအဝယ်စာချုပ်ပြုလုပ်ရန် အဆိုပြုလွှာမိတ္တူများ။

Myanmar Law Information System (MLIS)

၃၂။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် အပိုဒ် ၃၁ ပါလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ စိစစ် ပြီးခွင့်ပြုပါက သတ်မှတ်ထားသော အခကြေးငွေပေးသွင်းစေပြီး ထောက်ခံချက်ကို ပုံစံ ၁၃ ဖြင့်ထုတ်ပေး ရမည်။

## အခန်း (၅)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၃။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် ဥပဒေ ပုဒ်မ ၁၈ (က) (ခ) နှင့် (ဂ) ပါအချက်တစ်ရပ်ရပ်ကိုလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော လိုင်စင်ရရှိသူအား-

(က) ပထမအကြိမ် ပျက်ကွက်ခြင်းဖြစ်ပါက ခွင့်ပြုထားသော မျိုးစေ့လုပ်ငန်းကို အနည်းဆုံး သုံးလမှ အများဆုံးခြောက်လအထိ ယာယီရပ်ဆိုင်းနိုင်သည်၊

(ခ) ဒုတိယအကြိမ်ပျက်ကွက်ခြင်းဖြစ်ပါက လိုင်စင်ကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ဆိုင်းငံ့နိုင်သည်၊

(ဂ) တတိယအကြိမ်ပျက်ကွက်ခြင်းဖြစ်ပါက လိုင်စင်ကို ပယ်ဖျက်သည်အထိ အရေးယူနိုင်သည်။

၃၄။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် ဥပဒေ **ပုဒ်မ ၁၈ (ဃ)** ပါမျိုးစေ့ထုတ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသော ပစ္စည်းပေါ်တွင် ဖော်ပြရမည့် အချက်တစ်ရပ်ရပ်ကို မှန်ကန်စွာဖော်ပြရန် ပျက်ကွက်သည့် လိုင်စင်ရရှိသူအား-

(က) ပထမအကြိမ် ပျက်ကွက်ခြင်းဖြစ်ပါက ဒဏ်ကြေးငွေပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီးထိုသို့ပြုပြင်ထားသည်ကို အများသိစေရန် ကြေငြာစေပြီးမှ သက်ဆိုင်ရာမျိုးစေ့လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုနိုင်သည်၊

(ခ) ဒုတိယအကြိမ် ပျက်ကွက်ခြင်းဖြစ်ပါက ခွင့်ပြုထားသောမျိုးစေ့လုပ်ငန်းကို အနည်းဆုံးသုံးလမှ အများဆုံးခြောက်လအထိ ယာယီရပ်ဆိုင်းနိုင်သည်၊

(ဂ) တတိယအကြိမ် ပျက်ကွက်ခြင်းဖြစ်ပါက လိုင်စင်ကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ဆိုင်းငံ့နိုင်သည်၊

(ဃ) စတုတ္ထအကြိမ် ပျက်ကွက်ပါက လိုင်စင်ကို ပယ်ဖျက်သည်အထိ အရေးယူနိုင်သည်။

## အခန်း (၆)

## အယူခံခြင်း

၃၅။ **အပိုဒ် ၃၃၊ ၃၄** အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီထံအယူခံနိုင်သည်။ ထိုသို့အယူခံရာတွင် အယူခံလျှောက်လွှာနှင့်အတူ အောက်ပါအချက် အလက်များ ပါဝင်ရမည်-

(က) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ အမိန့် မိတ္တူမှန်၊

(ခ) မည်သည့်အကြောင်းကြောင့်အမိန့်ကို ပြင်ဆင်ပယ်ဖျက်သင့်ကြောင်း ကျိုးကြောင်းဖော်ပြချက်။

၃၆။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **အပိုဒ် ၃၅** အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မျိုးစေ့ ကျွမ်းကျင်မှုဆိုင်ရာကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ ဆုံးဖြတ်ချက် သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)

## တရားစွဲဆိုခြင်း

၃၇။ ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို တရားရုံးရှေ့သို့တင်ပို့ရန် အခက်အခဲရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တရားရုံး သို့တင်ပြပြီး အမှုစစ်ဆေးကြားနာမှုပြီးဆုံးသည်အထိ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်တမ်း တင်၍ စနစ်တကျထိန်းသိမ်းထားရမည်။

## အခန်း (၈)

## အထွေထွေ

၃၈။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းက မျိုးစေ့အရည် အသွေးစစ်ဆေးချက်နှင့် ထင်မြင်ချက်သဘောထားများ တောင်းခံလာပါက စိစစ်၍ ပြန်ကြားရမည်။

၃၉။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် တောင်သူလယ်သမားအချင်းချင်း မျိုးစေ့ဖြန့်ဖြူး ရောင်းချခြင်းသည်မျိုးစေ့ကိုစီးပွားရေးအလို့ငှာ ရောင်းချနေခြင်း ဟုတ် မဟုတ် ရောင်းချနေသောမျိုးစေ့ နမူနာနှင့် မျိုးစေ့ရောင်းချသော တောင်သူလယ်သမားအား စိစစ်လေ့လာပြီး မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီသို့ တင်ပြရမည်။

၄၀။ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသည် မျိုးပွားခြင်းမဟုတ်ဘဲ သီးနှံစေ့၊ အသီး၊ အပွင့်၊ အပင်နှင့် အပင်၏ အစိတ်အပိုင်းတို့ကို ဖြန့်ဖြူးရောင်းချခြင်း ဟုတ် မဟုတ် ဖြန့်ဖြူးရောင်းချသူအား စောင့်ကြည့် ၍မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ တင်ပြရမည်။

၄၁။ မျိုးစေ့ဝယ်ယူအသုံးပြုသူများသည် မျိုးစေ့၏ အရည်အသွေးညံ့ဖျင်းမှုကြောင့် ဆုံးရှုံးနစ်နာမှုတစ်စုံ တစ်ရာပေါ်ပေါက်လျှင် မျိုးစေ့တန်ဖိုးအပါအဝင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အကျိုးအမြတ်ငွေ ဆုံးရှုံးမှုအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ မျိုးစေ့ဖြန့်ဖြူးရောင်းချသူများထံ လျော်ကြေးတောင်းခံနိုင် ခွင့်ရှိသည်။

၄၂။ မျိုးစေ့ထုတ်လုပ်သူနှင့် ကုန်သွယ်သူတို့၏ ပေါ့လျော့မှုကြောင့် ဆုံးရှုံးခြင်းဖြစ်ကြောင်း သက်သေထင် ရှားပြနိုင်ပါက မျိုးစေ့ရောင်းချသူသည် ၎င်းပေးလျော်ခဲ့ရသည့်ငွေများကို ယင်းတို့ထံမှ အချိုးကျပြန် လည်တောင်းဆိုပိုင်ခွင့်ရှိသည်။

(ပုံ) မြင့်လှိုင်

ပြည်ထောင်စုဝန်ကြီး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

Myanmar Law Information System (MLIS)

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ-၁ စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ-၂ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ်တင်သွင်းခွင့်ထောက်ခံချက်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံ-၃ အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ-၄ အပင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ-၅ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့် လျှောက်ထားခြင်း

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံ-၆ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ
မျိုးစေ့အရည်အသွေးစစ်ဆေးခန်းမှတ်ပုံတင်လက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 7 ] 07 ပုံစံ (၇) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းမှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ခွင့် လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 8 ] 08 ပုံစံ-၈ မျိုးစေ့လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 9 ] 09 ပုံစံ-၉ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ မျိုးစေ့လုပ်ငန်းလိုင်စင်

[ ပူးတွဲဖော်ပြသော စာရင်း 10 ] 10 ပုံစံ-၁၀ မျိုးစေ့လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခွင့်လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 11 ] 11 ပုံစံ-၁၁ ပြည်တွင်းသို့မျိုးစေ့တင်သွင်းရန်အတွက် ထောက်ခံချက် လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 12 ] 12 ပုံစံ-၁၂ ပြည်ပသို့မျိုးစေ့တင်ပို့ရန်အတွက် ထောက်ခံချက် လျှောက်ထားခြင်း။

[ ပူးတွဲဖော်ပြသော စာရင်း 13 ] 13 ပုံစံ-၁၃ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ၏ထောက်ခံချက်

[ ပူးတွဲဖော်ပြသော စာရင်း 14 ] 14 နောက်ဆက်တွဲဇယား မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသည့် မျိုးစေ့အရည်အသွေးစစ်ဆေးခန်းတွင် အသုံးပြုရမည့်ပစ္စည်းကိရိယာများ

[ ပူးတွဲဖော်ပြသော စာရင်း 15 ] 15 နောက်ဆက်တွဲဇယား မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော ကွင်းဆင်းစစ်ဆေးမှုဆိုင်ရာစံချိန်စံညွှန်းများ

[ ပူးတွဲဖော်ပြသော စာရင်း 16 ] 16 နောက်ဆက်တွဲဇယား မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော ဟင်းသီးဟင်းရွက်သီးနှံပင်များ ကွင်းဆင်းစစ်ဆေးမှုဆိုင်ရာစံချိန်စံညွှန်းများ

[ ပူးတွဲဖော်ပြသော စာရင်း 17 ] 17 နောက်ဆက်တွဲဇယား မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော မျိုးစေ့စံချိန်စံညွှန်း

[ ပူးတွဲဖော်ပြသော စာရင်း 18 ] 18 နောက်ဆက်တွဲဇယား မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက သတ်မှတ်ထားသော စပါးသီးနှံ၏ မိဘလိုင်းများနှင့် စပ်မျိုးစပါးတို့၏ မျိုးစေ့စံချိန်စံညွှန်းများ

Myanmar Law Information System (MLIS)